
# ဂျပန်နိုင်ငံရှိဆေးရုံများနှင့်ပတ်သက်၍

ကိုယ်ဝန်ရှိကြောင်းသိလျှင်၊ ရင်သွေးငယ်ကို မည်သည့်နေရာတွင်မွေးဖွားမည်ကို သတ်မှတ်ဆုံးဖြတ်ကြရအောင်။




## ဂျပန်၌ရင်သွေးငယ်ကိုမွေးဖွားနိုင်မည့်နေရာများ

### သားဖွားဌာနရှိသည့်အထွေထွေဆေးရုံ





ဆေးရုံကြီးဖြစ်သည်။
ရင်သွေးငယ်ကိုမွေးဖွားပေးမည့် (သားဖွားဌာန)
အပြင်လည်း (〇〇ဌာန) များစွာရှိသည်။

### သားဖွားဆေးရုံ




ရင်သွေးငယ်ကိုမွေးဖွားပေးမည့် (သားဖွားဌာန)
အဓိကဆေးရုံဖြစ်သည်။
ခုတင်၂၀နှင့်အထက်ရှိသည့်ဆေးရုံကြီးဖြစ်သည်။


### သားဖွားဆေးခန်း၊ ဆေးကုခန်း




(သားဖွားဌာန) အဓိကဆေးရုံအသေးဖြစ်သည်။

★ကိုယ်ဝန်ဆောင်ကျန်းမာရေးစစ်ဆေးမှုကိုပြုလုပ်ပြီး၊ ရင်သွေးငယ်ကိုမွေးဖွားသည့်အခါမှာတော့ ဆေးရုံကြီး၌မွေးဖွားသည့်ဆေးခန်းများ၊ ဆေးကုခန်းများလည်းရှိသည်။

### သားဖွားစင်တာ




ဆရာဝန်မရှိပါ။
(သားဖွားဆရာမ) က
ကိုယ်ဝန်ဆောင်ကျန်းမာရေးစစ်ဆေးမှု၊
ကလေးမွေးဖွားခြင်းအကူအညီ၊
မီးဖွားပြီးနောက်ကျန်းမာရေးစစ်ဆေးမှုများကို ပြုလုပ်ပေးပါသည်။


★မိမိအိမ်၌မွေးဖွားခြင်းကို ကူညီပေးသည့်သားဖွားစင်တာလည်းရှိသည်။

**တိုရှိမမြို့ရှိဆေးရုံတွင်မွေးဖွားသည့်အခါ၏ အခြေခံလုပ်ဆောင်မှုအဆင့်ဆင့်နှင့်ပတ်သက်၍ နောက်စာမျက်နှာကိုကြည့်ပါ။**

**မွေးဖွားရမည့်နေရာကိုတွေဝေနေလျှင် (ပြည်သူ့ကျန်းမာရေးသူနာပြု) သို့မဟုတ် (သားဖွားဆရာမ) နှင့်တိုင်ပင်ဆွေးနွေးကြရအောင်။**



**နားမလည်သည့်အကြောင်းအရာများကို (ကူညီထောက်ပံ့ပေးသည့်အဖွဲ့အစည်းများ)ကိုလည်း တိုင်ပင်ဆွေးနွေးနိုင်ပါသည်။**



ကူညီထောက်ပံ့ပေးသည့်အဖွဲ့အစည်းများကို စုံစမ်းရှာဖွေကြည့်ကြရအောင်။

★တိုင်ပင်ဆွေးနွေးနိုင်သည့် (ကူညီထောက်ပံ့ပေးသည့်အဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့အစည်းများ) ရှိပါသည်။

**ရှာဖွေရန်အညွှန်းစကားလုံးများ**

えぬぴーおー　ざいにちがいこくじん　さんぜんさんご
NPO　在日外国人　産前産後

# ဂျပန်နိုင်ငံရှိဆေးရုံများနှင့်ပတ်သက်၍

## တိုရှိမမြို့ရှိဆေးရုံတွင် ကလေးမွေးဖွားသည့်အခါ၏ အခြေခံလုပ်ဆောင်မှုအဆင့်ဆင့်

**ကျန်းမာရေးစစ်ဆေးမှုကိုသာ**
**ကြည့်ရှုပေးသည့်သားဖွားဆေးကုခန်းအသေး**

ကိုယ်ဝန်ဆောင်ကျန်းမာရေးစစ်ဆေးမှု






ပြဿနာမရှိသည့်
ကိုယ်ဝန်ဆောင်မိခင်များနှင့်
ကလေးငယ်ကို
ကိုယ်ဝန်ဆောင်ကျန်းမာရေး
စစ်ဆေးမှုကိုပြုလုပ်သည်။

အဆက်အသွယ်ယူထားသည်။

သားဖွားဆေးကုခန်းတို့၊
သားဖွားဆေးခန်းတို့က
မိတ်ဆက်ပေးသည့်ဆေးရုံကြီးတွင်
ကလေးငယ်ကိုမွေးဖွားမည်။

**ကျန်းမာရေးစစ်ဆေးမှုကနေ**
**မီးဖွားသည်အထိကို**
**ကြည့်ရှုပေးသည့်ဆေးရုံ**



မီးဖွားခြင်း



ရင်သွေးငယ်ကိုမွေးဖွားသည့်အခါတွင်
ဆေးရုံကြီးရှိဆရာဝန်က
မီးဖွားခြင်းကိုကြည့်ရှုပေးသည်။

**နားမလည်သည့်အကြောင်းအရာများကို**
**(ပြည်သူ့ကျန်းမာရေးသူနာပြု) သို့မဟုတ်**
**(ကူညီထောက်ပံ့ပေးသည့်အဖွဲ့အစည်းများ)**
**ကို တိုင်ပင်ဆွေးနွေးပါ။**



ကူညီထောက်ပံ့ပေးသည့်အဖွဲ့အစည်းများကို
စုံစမ်းရှာဖွေကြည့်ကြရအောင်။

★ တိုင်ပင်ဆွေးနွေးနိုင်သည့်
(ကူညီထောက်ပံ့ပေးသည့်အဖွဲ့အစည်းများ၊
ပရဟိတအဖွဲ့အစည်းများ) ရှိပါသည်။

**ရှာဖွေရန်အညွှန်းစကားလုံးများ**

えぬぴーおー　ざいにち がいこくじん　さんぜん さんご
NPO　在日外国人　産前産後